# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ်( ၁၇၃ / ၂၀၂၀)

၁၃၈၂ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
( ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက် )

## ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာတို့နှင့်စပ်လျဉ်း၍ ကြေညာချက် ထုတ်ပြန်ခြင်း

၁။ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ်တစ်နယ်တွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအသီးသီးက သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်အတည်ပြု ကြေညာထားသည့် နိုင်ငံရေးပါတီကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးမှုများပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှုရှိစေရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ဆိုင်ရာ **ညွှန်ကြားချက်အမှတ် (၁/၂၀၁၄) ကို ၁-၇-၂၀၁၄ ရက်စွဲဖြင့်** ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၂။ အဆိုပါ ညွှန်ကြားချက်အမှတ် (၁/၂၀၁၄) အား ပြင်ဆင်သည့် ညွှန်ကြားချက်များ ဖြစ်သည့် မဲဆွယ်စည်းရုံးရေးကာလအဖြစ် ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီတစ်ရက်အလိုအထိ ရက်ပေါင်း ၆၀ စည်းရုံးခွင့်ရှိကြောင်း ၂၅-၆-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၄ / ရကပ / ကမရ ဖြင့် လည်းကောင်း၊ စုဝေးဟောပြောခွင့် လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်ကဖြစ်စေ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲသို့ လျှောက်ထားသည်နှင့်တစ်ပြိုင်တည်း မဲဆွယ်စည်းရုံးခြင်းကို ဆောင်ရွက်နိုင်ကြောင်း ၄-၉-၂၀၁၅ ရက်စွဲပါစာအမှတ်၊ ၅ / နငရ-ကြီးကြပ် (၈)/ ကမရ ဖြင့် လည်းကောင်း ပြင်ဆင်ထုတ်ပြန်ထားပြီး ဖြစ်ပါသည်။

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၆-၅-၂၀၂၀ ရက်စွဲပါစာအမှတ်၊ ၄ / နငရ-ကြီးကြပ် (၂၂) / ကမရ ဖြင့် နိုင်ငံရေးပါတီများက ဘာသာရေးအဆောက်အအုံများတွင် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းကို ခွင့်မပြုကြောင်းနှင့် တည်ဆဲနိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန်လည်း ထုတ်ပြန်ထားပြီးဖြစ်ပါသည်။

၄။ ထို့အပြင် နိုင်ငံရေးပါတီများ၏ သဘောတူညီချက်ဖြင့် ရေးဆွဲထားသော နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက်ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ် (Code of Conduct for Political Parties and Candidates) ကိုလည်း ပြင်ဆင်ပြုစု၍ ထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၅။ ယခုကာလ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေမှုအခြေအနေအရ ရွေးကောက်ပွဲ မဲဆွယ်စည်းရုံးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး နည်းလမ်းများနှင့်အညီ လိုက်နာဆောင်ရွက်နိုင်ရန် ထုတ်ပြန်မည့် ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure – SOP)၊ သက်ဆိုင်ရာက အချိန်ကာလ/ နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ အထူးအလေးထားပြီး လိုက်နာဆောင်ရွက်ရန် လိုအပ်ပါသည်။

၆။ သို့ဖြစ်ပါ၍ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ နိုင်ငံရေးပါတီများသည် လွတ်လပ်၍ တရားမျှတပြီး အေးချမ်းတည်ငြိမ်သည့် ရွေးကောက်ပွဲများ ဖြစ်စေရေးအတွက်လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ပြန့်ပွားမှုမရှိစေရေးအတွက်လည်းကောင်း အောက်ဖော်ပြပါ ညွှန်ကြားချက်၊ ကျင့်ဝတ်၊ လမ်းညွှန်ချက်များကို အထူးအလေးထားလိုက်နာဆောင်ရွက်ရန် ဖြစ်ပါသည် –

(က) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခြင်းဆိုင်ရာတို့နှင့် စပ်လျဉ်းသည့် ညွှန်ကြားချက်အမှတ် (၁/၂၀၁၄) နှင့် အဆိုပါညွှန်ကြားချက်ကို ပြင်ဆင်သည့် ညွှန်ကြားချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၆-၅-၂၀၂၀ ရက်စွဲပါ ညွှန်ကြားချက်၊

( ခ ) နိုင်ငံရေးပါတီများနှင့် ကိုယ်စားလှယ်လောင်းများအတွက် ရွေးကောက်ပွဲဆိုင်ရာ ကျင့်ဝတ်၊

( ဂ ) အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးဆိုင်ရာ ကျန်းမာရေးစံလုပ်ငန်းလမ်းညွှန် (Standard Operating Procedure – SOP)၊

(ဃ) သက်ဆိုင်ရာက အချိန်ကာလ/နေရာဒေသအလိုက် ထုတ်ပြန်သည့် ကျန်းမာရေးဆိုင်ရာ အမိန့်များ၊ လမ်းညွှန်ချက်များ။

၇။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးခွင့်ကာလကို ရက်ပေါင်း ၆၀ **( ၈-၉-၂၀၂၀ ရက်နေ့ နံနက် ၀၆:၀၀ နာရီမှ ၆-၁၁-၂၀၂၀ ရက်နေ့ ည ၁၂:၀၀ နာရီ အထိ )** ခွင့်ပြုကြောင်း ထုတ်ပြန်ကြေညာလိုက်သည်။

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ ( ၂၀၆ ) / ကမရ
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ စက်တင်ဘာလ ၆ ရက်

AMT/5-9-2020 / Pyithu

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
နိုင်ငံခြားရေးဝန်ကြီးဌာန
ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
နယ်စပ်ရေးရာဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန
ပညာရေးဝန်ကြီးဌာန
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
နေပြည်တော်ကောင်စီ
တိုင်းဒေသကြီး နှင့် ပြည်နယ်အစိုးရအဖွဲ့အားလုံး
တိုင်းဒေသကြီး နှင့် ပြည်နယ်လွှတ်တော်ရုံးအားလုံး
တိုင်းဒေသကြီး နှင့် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ
နိုင်ငံရေးပါတီအားလုံး
တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်းအားလုံး

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

( ခင်မောင်ဦး)
ညွှန်ကြားရေးမှူးချုပ်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

မိတ္တူကို

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

- ဥက္ကဋ္ဌရုံး
- ဌာန/ ဌာနခွဲအားလုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ညွှန်ကြားချက်အမှတ် (၁ / ၂၀၁၄)
၁၃၇၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်
( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက် )

အကြောင်းအရာ။ **ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်**

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂၀၊ ၁၂၁၊ ၁၅၂၊ ၁၆၉နှင့် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၈၊ ၁၀ တို့ပါ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသော နိုင်ငံရေးပါတီကိုယ်စားပြုနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် သက်ဆိုင်ရာလွှတ်တော်တစ်ရပ်၏ မဲဆန္ဒနယ် တစ်ခုတွင် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် ဥပဒေနှင့်အညီ ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရှိပါသည်။

၂။ လွှတ်တော်အသီးသီး၏ မဲဆန္ဒနယ် တစ်ခုတွင် ဝင်ရောက်ယှဉ်ပြိုင်အရွေးခံရန် လွှတ်တော်ကိုယ်စားလှယ်လောင်းအဖြစ် အမည်စာရင်းတင်သွင်းထားပြီး သက်ဆိုင်ရာကော်မရှင် အဖွဲ့ခွဲအသီးသီးက ဥပဒေနှင့်အညီ စိစစ်အတည်ပြုကြေညာပြီးဖြစ်သော နိုင်ငံရေးပါတီကိုယ်စားပြု (သို့မဟုတ်) တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းအသီးသီးသည် ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် မဲဆွယ်စည်းရုံးမှုများ ပြုလုပ်ကြမည်ဖြစ်ပါသည်။ ယင်းသို့မဲဆွယ် စည်းရုံးမှုများ ပြုလုပ်ရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှုရှိစေရေးအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၉၀ ပါလုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**မဲဆွယ်စည်းရုံးခွင့်ကာလ**

၃။ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၃၀ အလိုတွင် စတင် မဲဆွယ်စည်းရုံးခွင့်ရှိသည်။ ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ တစ်ရက် (နံနက် ၀၆:၀၀) နာရီနောက်ပိုင်းတွင် မဲဆွယ်စည်းရုံးခွင့် မရှိစေရ။

မဲဆွယ်စည်းရုံးရန် နည်းလမ်းများ

၄။ ရွေးကောက်ပွဲအနိုင်ရရှိရေးအတွက် အောက်ပါနည်းလမ်းများဖြင့် မဲဆွယ်စည်းရုံးနိုင်သည် -

(က) သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်သည့်နေရာတွင် စုဝေးဟောပြောခြင်း၊

(ခ) သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်နေရာများသို့ ယာဉ်များနှင့် လှည့်လည်၍ စုဝေးဟောပြောခြင်း၊

(ဂ) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ခွင့်ပြုချက်ဖြင့် မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်း၊

(ဃ) သက်ဆိုင်ရာက ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ ရေးသားပုံနှိပ်ထုတ်ဝေစည်းရုံးခြင်း။

စုဝေးဟောပြောခွင့်လျှောက်ထားခြင်း

၅။ သတ်မှတ်သည့်နေရာတွင် စုဝေးဟောပြောခြင်းပြုလုပ်လိုသော လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်စာရင်းကြေညာပြီးသည့်နေ့မှ ၁၅ ရက်အတွင်း စုဝေးဟောပြောမည့် အစီအစဉ်နှင့်တကွ အောက်တွင် ဖော်ပြထားသည့်အတိုင်း သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအသီးသီးထံသို့ စုဝေးဟောပြောခွင့်လျှောက်ထားရမည် -

(က) နေပြည်တော်နယ်မြေအတွင်း ပြုလုပ်လိုခြင်းဖြစ်ပါက နေပြည်တော်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ခ) တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရုံးစိုက်ရာမြို့နယ်များအတွင်း ပြုလုပ်လိုခြင်းဖြစ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဂ) ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးစိုက်ရာမြို့နယ်များအတွင်း ပြုလုပ်လိုခြင်းဖြစ်ပါက သက်ဆိုင်ရာကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသနှင့် ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊

(ဃ) အပိုဒ်ခွဲ (က)၊ (ခ)နှင့် (ဂ) ပါမြို့နယ်များမှအပ ကျန်မြို့နယ်များတွင်ပြုလုပ်လိုခြင်းဖြစ်ပါက သက်ဆိုင်ရာမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ။

၆။ ပါတီဌာနချုပ်နှင့် ပါတီရုံးခွဲများတွင် စုဝေးဟောပြောခြင်းဖြစ်ပါက အပိုဒ် ၅ အတိုင်း ခွင့်ပြုချက်လျှောက်ထားရန် မလိုသော်လည်း သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အသီးသီးသို့ နှစ်ရက် ကြိုတင်အသိပေးရမည်။

၇။ **လျှောက်ထားခွင့်ရှိသူများ။** အထက်အပိုဒ် ၅ အရ လျှောက်ထားရာတွင် သက်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းကဖြစ်စေ၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်က ဖြစ်စေ လက်မှတ်ရေးထိုးလျှောက်ထားရမည်။

၈။ **စုဝေးဟောပြောခွင့်ရှိသူများ။** သက်ဆိုင်ရာလွှတ်တော်မဲဆန္ဒနယ်အလိုက် ဝင်ရောက်ယှဉ်ပြိုင်ရန် စိစစ်အတည်ပြုပြီးဖြစ်သည့် လွှတ်တော်ကိုယ်စားလှယ်လောင်း သို့မဟုတ် ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ် သို့မဟုတ် သက်ဆိုင်ရာပါတီကိုယ်စားလှယ်များ သို့မဟုတ် ယင်း လွှတ်တော် ကိုယ်စားလှယ်လောင်းက အခွင့်အာဏာလွှဲအပ်ထားခြင်းခံရသူများ ဟောပြောခွင့်ရှိသည်။အခွင့်အာဏာ လွှဲအပ်ထားခြင်းခံရသူများသည် ထိုသို့အခွင့်အာဏာလွှဲ အပ်ကြောင်းစာကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လျှောက်လွှာနှင့်အတူ တစ်ပါတည်း ပေးအပ်စေရမည်။

၉။ **လျှောက်လွှာတွင် ဖော်ပြရမည့်အချက်များ။** ခွင့်ပြုချက်လျှောက်လွှာတွင် အောက်ပါတို့ကို အပြည့်အစုံဖော်ပြရမည် -

(က) စုဝေးဟောပြောပွဲပြုလုပ်လိုသည့်နေရာ၊

(ခ) စုဝေးဟောပြောပွဲပြုလုပ်လိုသည့်နေ့ရက်၊

(ဂ) စုဝေးဟောပြောပွဲစတင်မည့်အချိန်၊

(ဃ) စုဝေးဟောပြောပွဲပြီးဆုံးမည့်အချိန်၊

(င) ဟောပြောမည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏ အမည်၊ မှတ်ပုံတင်အမှတ် နှင့် နေရပ်လိပ်စာ၊

(စ) လျှောက်ထားသူ၏ အမည်၊ မှတ်ပုံတင်အမှတ် နှင့် နေရပ်လိပ်စာ၊

(ဆ) စုဝေးဟောပြောမှုပြုလုပ်ရာတွင် တားမြစ်ချက်များ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက်နှင့် စည်းကမ်းချက်များအတိုင်း လိုက်နာဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ခံချက်၊

(ဇ) ယာဉ်များဖြင့် သတ်မှတ်နေရာများ၌ စုဝေးဟောပြောရန်အတွက် ဖြစ်ပါက အထက်ပါအချက်များအပြင် သွားရောက်မည့် ခရီးစဉ်လမ်းကြောင်း၊ လှည့်လည်သွားရောက်မည့် ခန့်မှန်း အချိန်၊ ရပ်တန့်ဟောပြောမည့်နေရာ၊ ဟောပြောမှု စတင်မည့်အချိန်နှင့် ပြီးဆုံးမည့်အချိန်။

၁၀။ ကော်မရှင်အဖွဲ့ခွဲက စိစစ်ဆောင်ရွက်ခြင်း။ သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသည် အထက်အပိုဒ် ၅၊ ၇၊ ၈ နှင့် ၉ ပါလျှောက်ထားချက်များနှင့်စပ်လျဉ်း၍ -

(က) လျှောက်ထားချက်ကို လိုအပ်သလိုစိစစ်ပြီး ခွင့်ပြုချက်ထုတ်ပေးမည်ဖြစ်သည်။

(ခ) ခွင့်ပြုချက်ထုတ်ပေးရာတွင် အောက်ပါသတ်မှတ်ချက်များကို ခွင့်ပြုချက်တွင် ဖော်ပြရမည် -

(၁) စုဝေးဟောပြောရန်ခွင့်ပြုသည့်နေ့ရက်နှင့်နေရာ၊

(၂) စုဝေးဟောပြောပွဲစတင်ရမည့်အချိန်နှင့် ပြီးဆုံးရမည့်အချိန်၊

(၃) ယာဉ်ဖြင့် သွားရောက်ရာတွင် ခွင့်ပြုသည့် ခရီးစဉ်လမ်းကြောင်း၊

(၄) ယာဉ်ရပ်တန့်၍ ဟောပြောခွင့်ပြုသည့်နေရာ နှင့် ခွင့်ပြုသည့်အချိန်၊

(၅) ဟောပြောခွင့်ရရှိသည့် ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များ၏အမည်၊ မှတ်ပုံတင်အမှတ်နှင့် နေရပ်လိပ်စာ။

(ဂ) ခွင့်ပြုချက် ထုတ်ပေးရာတွင် အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ စည်းရုံးဆောင်ရွက်စေရမည် -

(၁) အစိုးရရုံးများ၊ စက်ရုံအလုပ်ရုံနှင့် အလုပ်ဌာနများ၊ ဈေးများ၊ သာသနာရေးနှင့်ဆိုင်သည့်နေရာများ၊ စာသင်ကျောင်းများနှင့် ပြည်သူ့ဆေးရုံများစသည့် လူစုလူဝေးရှိသည့်နေရာများကို အနှောင့်အယှက် မဖြစ်စေရန်၊

(၂) အဆောက်အအုံများ၊ ခန်းမများတွင် စုဝေးခြင်း၊ ဟောပြောခြင်းများပြုလုပ်ပါက ဝင်ဆံ့သည့်အရေအတွက်ထက် မကျော်လွန်စေရန်၊

(၃) စုဝေးခြင်း၊ ဟောပြောခြင်းပြုလုပ်ရန်ခွင့်ပြုသည့်နေရာသည် ကွင်းတစ်ခုခုဖြစ်ပါက ဝင်ဆံ့သည့် အရေအတွက်ထက် မကျော်လွန်စေရန်၊

(၄) တုတ်၊ ဓါး၊ လက်နက်၊ ခဲယမ်းမီးကျောက်များနှင့် အခြားဘေးအန္တရာယ် ဖြစ်စေနိုင်သောအရာများကို ကိုင်ဆောင်ခြင်းမပြုစေရန်၊

(၅) ယာဉ်များသွားလာခြင်းကို အနှောင့်အယှက်မဖြစ်စေရန်နှင့်လမ်းများ ပိတ်ဆို့ခြင်း မပြုစေရန်၊

(၆) အသံချဲ့စနစ်ကို တည်ဆဲဥပဒေစည်းကမ်းများနှင့်အညီ အသုံးပြုစေရန်၊

(၇) ဒေသအခြေအနေအရသီးခြားသတ်မှတ်ရန် လိုအပ်သည့် အခြားသတ်မှတ်လိုသော စည်းကမ်းချက်များ၊

(၈) မဲဆွယ်စည်းရုံးရန်အတွက် စုဝေးဟောပြောခြင်းသည် ဆန္ဒဖော်ထုတ်ပွဲ မဟုတ်သည့် အတွက် စုဝေးဟောပြောပွဲလာရောက်ရာတွင်ဖြစ်စေ၊ ဟောပြောပွဲပြီးဆုံး၍ ပြန်လည် ထွက်ခွာရာတွင်ဖြစ်စေလူစုလူဝေးဖြင့် စီတန်းလှည့်လည်ခြင်း၊ ကြွေးကြော် ချီတက်ခြင်း မပြုစေရ။

(ဃ) ခွင့်ပြုချက်ထုတ်ပေးပါက စုဝေးဟောပြောခြင်း သို့မဟုတ် ယာဉ်ဖြင့် လှည့်လည် စည်းရုံးခြင်း စတင်ပြုလုပ်မည့်အချိန်မတိုင်မီ ၇၂ နာရီ ကြိုတင်ထုတ်ပေးရမည်။

(င) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးကို ထောက်ရှု၍ လိုအပ်ပါက ခွင့်ပြုချက်ပါ သတ်မှတ်ချက်များနှင့် စည်းကမ်းချက်များကို ပြင်ဆင်ခြင်း သို့မဟုတ် ခွင့်ပြုချက်ကို ရုပ်သိမ်းခြင်းပြုနိုင်သည်။

(စ) မိမိနယ်မြေဒေသအတွင်း စုဝေးဟောပြောခြင်းပြုလုပ်ရန်ခွင့်ပြုနိုင်မည့် အများပြည်သူဆိုင်ရာ နေရာ/ဒေသများကို သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့်ညှိနှိုင်း၍ ကြိုတင်လျာထား သတ်မှတ်ထားရမည်။

(ဆ) စုဝေးဟောပြောပွဲကို ပျက်ပြားအောင်မပြုနိုင်စေရန်နှင့် နှောင့်ယှက်ခြင်း မပြုနိုင် စေရန် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးအဖွဲ့အစည်းများက လိုအပ်သော ကာကွယ်စောင့်ရှောက်မှုများပြုလုပ်ပေးရန် ညှိနှိုင်းဆောင်ရွက်ပေးရမည်။

(ဇ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိပါးစေမည့် အန္တရာယ်မျိုးကြုံတွေ့လာပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့နှင့် လုံခြုံရေးအဖွဲ့များက တည်ဆဲဥပဒေနှင့် အညီ စီမံဆောင်ရွက်ခြင်းကို ၎င်းတို့နှင့်ဆောင်ရွက်စေရမည်။

မီဒီယာများမှတစ်ဆင့် ဟောပြောစည်းရုံးခြင်း။

၁၁။ နိုင်ငံရေးပါတီများသည် ရွေးကောက်ပွဲအောင်နိုင်ရေးကို ရှေးရှုလျက် မိမိတို့ပါတီ၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို နိုင်ငံပိုင်မီဒီယာမှတစ်ဆင့် အခမဲ့ မဲဆွယ်စည်းရုံး ဟောပြောနိုင်ရန် ကော်မရှင်ကသီးသန့် ထုတ်ပြန်၍မျှတစွာ စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၁၂။ နိုင်ငံရေးပါတီများသည် ပုဂ္ဂလိကပိုင်မီဒီယာများမှတစ်ဆင့် မဲဆွယ်စည်းရုံး ဟောပြောခြင်းများ၊ ရိုက်ကူးထုတ်လွှင့်ခြင်းများပြုလုပ်လိုပါက တည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ ပြန်ကြားရေး ဝန်ကြီးဌာနက အခါအားလျော်စွာထုတ်ပြန်သည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက် ကြရမည်။

**ရေးသားပုံနှိပ်ထုတ်ဝေတင်ပြခြင်း**

၁၃။ လွှတ်တော်ကိုယ်စားလှယ်လောင်းနှင့် ရွေးကောက်ပွဲကိုယ်စားလှယ်များသည် မိမိတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို ပြည်သူအများသိရှိစေရန် စာရွက်စာတမ်း၊ စာအုပ် နှင့် လက်ကမ်း စာစောင်များရေးသား၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိလိုပါက တည်ဆဲပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေ၊ မီဒီယာဥပဒေ၊ နည်းဥပဒေများ၊ ညွှန်ကြားချက်များ နှင့်အညီ လိုက်နာဆောင်ရွက် ကြရမည်ဖြစ်သည်။

**တားမြစ်ချက်များ**

၁၄။ လွှတ်တော်ကိုယ်စားလှယ်လောင်း၊ ယင်း၏ရွေးကောက်ပွဲကိုယ်စားလှယ်၊ သက်ဆိုင်ရာ ပါတီကိုယ်စားလှယ်နှင့် ယင်းလွှတ်တော်ကိုယ်စားလှယ်လောင်းက အခွင့်အာဏာလွှဲအပ်ခြင်း ခံရသော ပုဂ္ဂိုလ်တို့သည် မဲဆွယ်စည်းရုံးရန်အတွက် စုဝေးဟောပြောရာတွင်ဖြစ်စေ၊ ရေးသား ပုံနှိပ်ထုတ်ဝေဖြန့်ချိရာတွင်ဖြစ်စေ အောက်ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ခြင်း မပြုရ -

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်စေရန်ပြုမူဆောင်ရွက်ခြင်း၊

(ခ) လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးကို ထိခိုက်စေရန် ပြုမူ ဆောင်ရွက်ခြင်း၊

(ဂ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှုမရှိခြင်း၊

(ဃ) နိုင်ငံတော်အား အကြည်ညိုပျက်စေရန် သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေရန် လုပ်ဆောင်ခြင်း၊ ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(င) တပ်မတော်ပြိုကွဲရေးကို ဖြစ်ပေါ်စေရန် သို့မဟုတ် တပ်မတော်၏ဂုဏ်သိက္ခာကို ထိခိုက်စေရန် လုပ်ဆောင်ခြင်း၊ ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(စ) လူမျိုးရေး သို့မဟုတ် ဘာသာရေး သို့မဟုတ် လူတစ်ဦးချင်း သို့မဟုတ် လူအများနှင့်ပတ်သက်၍ ပဋိပက္ခဖြစ်ပေါ်စေနိုင်သည့် သိက္ခာနှင့်ကိုယ်ကျင့်တရားကို ထိခိုက်စေနိုင်သည့်ရေးသားမှု၊ ဟောပြောမှု သို့မဟုတ် စည်းရုံးလှုံ့ဆော်မှု ပြုလုပ်ခြင်း၊

(ဆ) ပြိုင်ဘက်ပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပုဂ္ဂိုလ်ရေးတိုက်ခိုက်မှုများ အကြမ်းဖက်မှု၊ အမုန်းပွားမှုများကို ဖြစ်ပေါ်စေသည့် အပြောအဆို၊ အပြုအမူ၊ အသွင်အပြင်များ ပြုမူဆောင်ရွက်ခြင်း။

(ဇ) ဘာသာရေးကို နိုင်ငံရေးအတွက် အလွဲသုံးစားပြုလုပ်ခြင်း၊

(ဈ) ငြိမ်းချမ်းစွာပညာသင်ကြားရေးကို ထိခိုက်ပျက်ပြားစေရန် သွေးထိုးလှုံ့ဆော် ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

(ည) နိုင်ငံ့ဝန်ထမ်းများအား ယင်းတို့၏တာဝန်ကိုကျေပွန်စွာ မထမ်းဆောင်နိုင်စေရန် သို့မဟုတ် အစိုးရအား ဆန့်ကျင်ဆန္ဒပြစေရန် သွေးထိုးလှုံ့ဆော်ဟောပြောခြင်း၊ ရေးသားပုံနှိပ်ထုတ်ဝေခြင်း၊

၁၅။ ထို့ပြင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း ၁၃ နှင့် ၁၄ တို့တွင် ပြဌာန်းထားသည့် ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုများနှင့် တရားမဲ့ပြုကျင့်မှုများကိုလည်း သိရှိနားလည်အောင်လေ့လာဖတ်ရှုပြီး ဥပဒေချိုးဖောက်မှုမျိုး မဖြစ်စေရေး သတိပြုဆောင်ရွက်ကြရန်နှင့် ချိုးဖောက်သူများတွေ့ရှိပါက ဥပဒေနှင့်အညီ ကန့်ကွက်တိုင်တန်း၍ အပြန်အလှန် ထိန်းကျောင်းကြပ်မတ်သွားကြရန်ဖြစ်ပါသည်။

၁၆။ ရွေးကောက်ပွဲအတွက် မဲဆွယ်စည်းရုံးရာတွင် တည်ဆဲဥပဒေတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤညွှန်ကြားချက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ခွင့်ပြုချက်ပါသတ်မှတ်ချက် သို့မဟုတ် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိရပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်။

၁၇။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ နည်းဥပဒေများအရ လွှတ်တော်ကိုယ်စားလှယ်လောင်း တစ်ဦးသည် ရွေးကောက်ပွဲကုန်ကျစရိတ် စုစုပေါင်းကျပ် သိန်းတစ်ရာ အထိသာ သုံးစွဲခွင့်ရှိပါ သည်။ ထို့ကြောင့် ဤမဲဆွယ်စည်းရုံးရေးဆိုင်ရာ ကုန်ကျစရိတ်များအပါအဝင် ရွေးကောက်ပွဲကုန်ကျစရိတ် အားလုံးကို နည်းဥပဒေ ၇၇ အရ သတ်မှတ်ပုံစံဖြင့် စာရင်းပြုစုပြီး သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲသို့ အချိန်မီပေးပို့တင်ပြရကြမည်ဖြစ်ပါ သည်။

၁၈။ သို့ဖြစ်ပါ၍ လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကျင်းပရာတွင် ဥပဒေနှင့်အညီ လွတ်လပ်၍တရားမျှတမှုရှိသော ရွေးကောက်ပွဲများဖြစ်စေရေးအတွက် နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများသည် မဲဆွယ်စည်းရုံးရာတွင် ဤညွှန်ကြားချက်နှင့်အညီ ဆောင်ရွက် ကြရန်ဖြစ်ပါသည်။

၁၉။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁၈-၈-၂၀၁၀ ရက်စွဲပါ ကြေညာချက်အမှတ် (၉၁/၂၀၁၀) ကို ဤညွှန်ကြားချက်အမှတ် (၁/၂၀၁၄)ဖြင့် ရုပ်သိမ်းလိုက်သည်။

ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / ရကပ / ကမရ
ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်

ဖြန့်ဝေခြင်း

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

ပြည်ထောင်စုတရားလွှတ်တော်ချုပ်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

ပြည်ထဲရေးဝန်ကြီးဌာန

ကာကွယ်ရေးဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုရှေ့နေချုပ်ရုံး

တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး

တိုင်းဒေသကြီးနှင့်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး

ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း } မြန်မာနိုင်ငံပြန်တမ်းတွင် ထည့်သွင်းကြေညာပေးပါရန်နှင့် စောင်ရေ (၁၀) စောင်ကိုပေးပို့ပါရန် မေတ္တာရပ်ခံအပ်ပါသည်။

အမိန့်အရ

တင်ထွန်း

( တင်ထွန်း )

ညွှန်ကြားရေးမှူးချုပ်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

မိတ္တူကို

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နေပြည်တော်

စာအမှတ်၊ ၄ / ရ က ပ / ကမရ

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်

သို့

နိုင်ငံရေးပါတီများအားလုံး

အကြောင်းအရာ။ **ရွေးကောက်ပွဲဆိုင်ရာ စုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးခွင့်ညွှန်ကြားချက် အမှတ် (၁/၂၀၁၄)ကို ပြင်ဆင်ခြင်း**

ရည် ညွှန်း ချက်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၁.၇.၂၀၁၄ ရက်စွဲပါ ညွှန်ကြားချက် အမှတ် ( ၁ / ၂၀၁၄ )

ရည်ညွှန်းချက်ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်အမှတ် (၁/၂၀၁၄)၏ စာပိုဒ်(၃)အား အောက်ပါအတိုင်းအစားထိုးပြင်ဆင်ကြောင်းအကြောင်းကြားပါသည် -

" ၃။ မဲဆွယ်စည်းရုံးခြင်းကို -

(က) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ တစ်ရက်အလိုအထိ ရက်ပေါင်း ၆၀ မဲဆွယ်စည်းရုံးခွင့်ရှိသည်။

(ခ) ရွေးကောက်ပွဲကျင်းပမည့်နေ့ရက်မတိုင်မီ တစ်ရက်မှစတင်၍ ရွေးကောက်ပွဲ ကျင်းပမည့်နေ့အထိ မဲဆွယ်စည်းရုံးခွင့်မရှိစေရ။ "

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

မိတ္တူကို

နိုင်ငံတော်သမ္မတရုံး

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး

ပြည်သူ့လွှတ်တော်ရုံး

အမျိုးသားလွှတ်တော်ရုံး

D/Hluttaw

ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထဲရေးဝန်ကြီးဌာန
ကာကွယ်ရေးဝန်ကြီးဌာန
ပြန်ကြားရေးဝန်ကြီးဌာန
ပြည်ထောင်စုရှေ့နေချုပ်ရုံး
တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့အားလုံး
တိုင်းဒေသကြီးနှင့်ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး ( လက် အောက် ခံ ရွေး ကောက် ပွဲ ကော် မ ရှင် အဖွဲ့ခွဲ များသို့ ဆက်လက် ဖြန့်ဝေပေးပို့ရန် )

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး**

- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၅ / နငရ - ကြီးကြပ် (၈) / ကမရ
ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်

သို့

ဥက္ကဋ္ဌ
အမျိုးသားဒီမိုကရေစီပါတီသစ်

အကြောင်းအရာ။ မဲဆွယ်စည်းရုံးရေးအတွက် စုဝေးဟောပြောခွင့်လျှောက်ထားရန်ကိစ္စ

ရည် ညွှန်း ချက်။ အမျိုးသားဒီမိုကရေစီပါတီသစ်၏ ၆-၈-၂၀၁၅ ရက်စွဲပါ စာအမှတ်၊ စဟခ - ၁ / ၁၅ - ရကပ / အဒပသ

ရည်ညွှန်းစာဖြင့် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်းများ စုဝေးဟောပြောခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်လောင်းက ဖြစ်စေ၊ ယင်း၏ ရွေးကောက်ပွဲကိုယ်စားလှယ်က ဖြစ်စေ သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ လျှောက်ထားခြင်းနှင့် တစ်ပြိုင်တည်း မဲဆွယ်စည်းရုံးခြင်းအား ဆောင်ရွက်သွားနိုင်ကြောင်း အကြောင်းကြားအပ်ပါသည်။

ဥက္ကဋ္ဌ ( ကိုယ်စား )
( တင်ထွန်း၊ အတွင်းရေးမှူး )

မိတ္တူကို

တိုင်းဒေသကြီး / ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး (လက်အောက်ခံကော်မရှင်အဖွဲ့ခွဲများသို့ ဆက်လက်ညွှန်ကြားပေးပါရန်)

နိုင်ငံရေးပါတီများအားလုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ
- မျှောစာတွဲ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
စာအမှတ်-------
ရက်စွဲ------/------
နေပြည်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

စာအမှတ်၊ ၄ / နဝရ - ကြီးကြပ် ( ၃၃ ) / ကမရ
ရက်စွဲ ၊ ၂၀၂၀ ပြည့်နှစ်၊ မေလ ၂၆ ရက်

သို့

စစ်ကိုင်းတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ

အကြောင်းအရာ။ နိုင်ငံရေးပါတီများက ဘာသာရေး အဆောက်အအုံများတွင် အစည်းအဝေး ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ တင်ပြလာခြင်းကိစ္စ

ရည် ညွှန်း ချက် ။ စစ်ကိုင်းတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ၁၄-၅-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၅ / ၅ - နဝရ ( ၃၂၈ ) / က မ ရ ခ

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၁-၅-၂၀၂၀ ရက်နေ့ စုံညီလုပ်ငန်းညှိနှိုင်း အစည်းအဝေး ၁၅/၂၀၂၀ ၌ စစ်ကိုင်းတိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ရည်ညွှန်းပါ စာဖြင့် တင်ပြလာသော နိုင်ငံရေးပါတီများ ဘာသာရေးအဆောက်အအုံများတွင် အစည်းအဝေး ပြုလုပ်ခွင့် တောင်းခံခြင်းနှင့်စပ်လျဉ်း၍ ထည့်သွင်း ဆွေးနွေးခဲ့ပါသည်။

၂။ စုံညီလုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်အရ နိုင်ငံရေးပါတီများ ဘာသာရေး အဆောက်အအုံများတွင် အစည်းအဝေး ကျင်းပပြုလုပ်ခြင်းကို ခွင့်မပြုကြောင်းနှင့် တည်ဆဲနိုင်ငံရေး ပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ညွှန်ကြားချက်များနှင့်အညီသာ ဆောင်ရွက်ရန် ဖြစ်ကြောင်း အကြောင်းကြားပါသည်။

၂၆.၅.၂၀၂၀

ဥက္ကဋ္ဌ ( ကိုယ်စား )
( ခင်မောင်ဦး၊ ညွှန်ကြားရေးမှူးချုပ် )

မိတ္တူကို

တိုင်းဒေသကြီး/ ပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအားလုံး
ပြည်ထောင်စုနယ်မြေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ
✓ နိုင်ငံရေးပါတီအားလုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
- ဥက္ကဋ္ဌရုံး
- လက်ခံစာတွဲ / မျှော့စာတွဲ